
## ၆။ အုန်းအကြေးပိုး

**Coconut scale: *Aspidiotus destructor* (Signoret, 1869)**

**Hemiptera: Diaspididae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ဥများသည် အလွန်သေးငယ်ပြီး အဝါရောင်ရှိသည်။ ၎င်းတို့ကို အမ၏ခန္ဓာကိုယ်ပတ်လည် အကြေးဖတ်အောက်တွင် တွေ့နိုင်သည်။ ခန္ဓာကိုယ်အား အကြေးဖတ်ဖြင့် ဖုံးအုပ်ထားသည့် အရွယ်ရောက်အကောင် (အမ) သည် ဘဲဥပုံ မှ စက်ဝိုင်း ပုံသဏ္ဍာန်နှင့် ပါးလွှာပြားချပ် ထိုးဖောက်မြင်နိုင်ပြီး အဝါရောင် ရှိသည်။ အရွယ်ရောက်အကောင် (အထီး) သည် အတောင်တစ်စုံရှိပြီး ရွေ့လျားနိုင်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပင်ရည်စုပ်စားခံရသည့်အတွက် အရွက်များညှိုးကျခြင်းများနှင့် ကြီးထွားမှုရပ်တန့်သွားခြင်းများတွေ့ရသည်။ ပျားရည်စွန့်ထုတ်ပစ္စည်းကြောင့် ကြပ်ခိုးမှိုများဖြစ်ပေါ်ပြီး အစာချက်လုပ်

ရာ တွင် အဟန့်အတားဖြစ်စေခြင်းနှင့် သီးနှံပင်ကိုအားနည်းစေသည့်အပြင် အသီးများပေါ်တွင် ကြပ်ခိုးမှုစွဲပါက အသီးအရည်အသွေးကိုပါ ပျက်ဆီးစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၅) ရက် |
| လောက်ကောင် အဆင့် | – (၁၇) ရက် |
| အကောင်ကြီး အဆင့် | – (၃၈–၄၄) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ပိုးကျထားသောကိုင်း၊ပင်စည်၊အသီးများအားဖျက်ဆီးပါ။

(၂) ပုံမှန်ကိုင်းချိုင်ပါ။

(၃)ပေါင်းမြက်များရှင်းလင်းပါ။

(၄)အပင်အားရှိစေရန်မြေသြဇာပုံမှန်ကျွေးပါ။

(၅)စိုက်ခင်းပတ်ဝန်းကျင်ရှိ လိပ်ခုံးကျိုင်း၊ဇာတောင်ပိုးကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ်ထိန်း သိမ်းပါ။

(၆)ပုရွက်ဆိတ်များအားနှိမ်နင်းပါ။(ပုရွက်ဆိတ်များသည်မိတ်ဆွေပိုးများလာရောက်ခြင်းအား ဟန့်တားသည်)

(၇)ဆပ်ပြာဖျော်ရည်ပက်ဖျန်းပါ။

(၈)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းစာအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေ ပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)

- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမီပရစ် (Acetamiprid)
- ကာဘာရိုင်း(Carbary)